**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားညီညွတ်ရေးအစိုးရ**
**လူသားချင်းစာနာကူညီရေးနှင့် ဘေးအန္တရာယ်တုံ့ပြန်ရေး ကော်မရှင်**
**ကြေညာချက်အမှတ် (၁/၂၀၂၂)**
**၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်**

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံတော်အဆင့် လူမှုရေးအသင်းအဖွဲ့ တစ်ခု ဖြစ်သော်လည်း နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများ၊ အခြေခံမူများနှင့် နိုင်ငံတကာကြက်ခြေနီနှင့် လခြမ်းနီ အသင်းများ၏ ကျင့်ဝတ်စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေ (၂၀၁၅ ခုနှစ်)၊ အခန်း (၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်တွင် "ကြက်ခြေနီ အခြေခံမူများ ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူခုနစ်ချက်ဖြစ်သော လူသားချင်းစာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာ့ဝန်ထမ်း အကျိုးဆောင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့်ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်းတို့ကို ဆိုသည်" ဟု ပြဋ္ဌာန်းထားပါသည်။ အဆိုပါ အခြေခံမူ (၇) ချက်ကို ၁၉၆၅ ခုနှစ်ကတည်းက စတင် ပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ (၂၀၂၁-၂၀၂၅) ခုနှစ် မျှော်မှန်းချက်ကို ရေးဆွဲခဲ့ရာတွင်လည်း အထက်ပါ အခြေခံမူ (၇)ချက်ကို လိုက်နာကျင့်သုံးမည်ဖြစ်ကြောင်း ထည့်သွင်းရေးဆွဲထားခဲ့ပါသည်။ အဆိုပါအချက်(၇) ချက်အနက် လွတ်လပ်ခြင်းဆိုရာတွင် "ကြက်ခြေနီသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် အစိုးရ၏ အရန်အင်အား သဖွယ် ဆောင်ရွက်ပြီး နိုင်ငံ၏ ဥပဒေများကို လေးစားလိုက်နာလျက် မိမိ၏ လွတ်လပ်မှုကို ထိန်းသိမ်းထားသည်" ဟု ဖော်ပြထားပါသည်။

၂။ ဂျီနီဗာကွန်ဗန်းရှင်းအပါအဝင် နိုင်ငံတကာလူသားချင်းစာနာကူညီမှုဥပဒေများနှင့် လုပ်ငန်းပိုင်းဆိုင်ရာစံသတ်မှတ်ချက်များအရ လူသားချင်းစာနာကူညီမှုလုပ်ငန်းဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများသည် နိုင်ငံရေး၊ ဘာသာရေး၊ အကျိုးအမြတ်ရရှိရေးတို့အတွက် လုပ်ငန်းများဆောင်ရွက်ခြင်းမပြုရန်နှင့် လူသားချင်း စာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်းနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် သီးခြားလွတ်လပ်မှုရှိခြင်းကို တန်ဖိုးထား ဆောင်ရွက်ရန်ဖြစ်ပါသည်။

၃။ သို့ရာတွင် လက်ရှိ COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများနှင့် လူသားချင်းစာနာကူညီမှုလုပ်ငန်းများတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ကြက်ခြေနီ ဗဟိုကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ဆောင်မှုများသည် အထက်ဖော်ပြပါ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် သွေဖည်နေသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတဝှမ်းတွင် ကြက်ခြေနီ၏ အခြေခံမူ (၇) ချက်နှင့်အညီ လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်နေသော တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် ကြီးကြပ်မှုကော်မတီများ၊ အသင်းခွဲများ၊ အသင်းခွဲငယ်များ၊ အသင်းဝင်များနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ ရှိကြသော်လည်း ကြက်ခြေနီ ဗဟိုကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့မှာမူ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့၊ စစ်အာဏာသိမ်းမှုဖြစ်စဉ်မှ အစပြု၍ စစ်ကောင်စီ၏ လက်ကိုင်တုတ်အဖြစ် ပြောင်ပြောင်တင်းတင်းပင် ရပ်တည်ခဲ့သည်ကို တွေ့မြင်ရပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံဒေသ အနှံ့အပြားတွင် ပေါ်ပေါက်ခဲ့သော ငြိမ်းချမ်းစွာ ဆန္ဒပြပွဲများနှင့် ပဋိပက္ခ ဖြစ်စဉ်များ၌ အကြမ်းဖက်စစ်ကောင်စီကြောင့် သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိသော အပြစ်မဲ့ပြည်သူများ နှင့် စစ်ဘေးရှောင်ပြည်သူများကို အရေးပေါ်ပြုစုစောင့်ရှောက်မှုနှင့် တုံ့ပြန်မှု ပြုလုပ်ပေးရမည့် တာဝန်ဝတ္တရားများကို ကြက်ခြေနီ ဗဟိုကောင်စီနှင့် အလုပ်အမှုဆောင် အဖွဲ့တို့က သိသိသာသာ ပျက်ကွက်လျက်ရှိကြောင်း တွေ့မြင်ရပါသည်။ အကြမ်းဖက်စစ်ကောင်စီက ကြက်ခြေနီအသင်းပိုင် အရေးပေါ် လူနာတင်ယာဉ်များနှင့် လူမှုကူညီရေး ပရဟိတအသင်းများ၏ အရေးပေါ် လူနာတင်ယာဉ်များကို ဖျက်ဆီးခြင်း၊ စစ်ပွဲအတွင်းနှင့် ပြည်သူတို့အား သတ်ဖြတ် နှိပ်စက်ရာတွင် လူနာတင်ယာဉ်များကို ပုံဖျက်အသုံးချခြင်း၊ ကျန်းမာရေးလုပ်သားများနှင့် ပရဟိတ လုပ်သားများကို ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းလုပ်ငန်းများ ကျူးလွန်နေခြင်း အပေါ်တွင်လည်း ကြက်ခြေနီ ဗဟိုကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့က အလိုတူအလိုပါ ရေငုံနှုတ်ပိတ်နေလျက် စစ်ကောင်စီ၏ အကြမ်းဖက်မှုများကို အားပေးအားမြှောက်ပြုလျက်ရှိပါသည်။

၄။ နိုင်ငံရေးနှင့်ပတ်သက်ဆက်နွယ်ခြင်းမရှိဘဲ ကြားနေခြင်း မူဝါဒကို ကိုင်စွဲ လုပ်ဆောင်ရမည့် အဖွဲ့အစည်းဖြစ်သော်လည်း ယခုကဲ့သို့ ပဋိပက္ခအခြေအနေတွင် စစ်ကောင်စီက နိုင်ငံရေးအရ ဖွဲ့စည်းထားသည့် ကော်မတီများ၊ အသင်းအဖွဲ့များတွင် လုပ်ပိုင်ခွင့်ရာထူး အမျိုးမျိုးရယူ၍ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၅။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ တန်ဖိုးထားမှုနှင့် အခြေခံမူများတွင် "ကြက်ခြေနီသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် အစိုးရ၏ အရန်အင်အား သဖွယ် ဆောင်ရွက်ပြီး နိုင်ငံ၏ဥပဒေများကို လေးစားလိုက်နာလျက် မိမိ၏ လွတ်လပ်မှုကို ထိန်းသိမ်းထားသည်" ဟုပြဋ္ဌာန်းထားသော်လည်း ကြက်ခြေနီဗဟိုကောင်စီနှင့် အလုပ် အမှုဆောင်အဖွဲ့တို့သည် တရားမဝင် အာဏာသိမ်းထားပြီး နိုင်ငံတကာက အသိအမှတ် မပြုသော စစ်ကောင်စီကို တရားဝင်အစိုးရသဖွယ်ပြုမူ၍ စစ်ကောင်စီ အသုံးချခံ လက်ပါးစေ အဖြစ် အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၆။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ (၂၀၁၅ ခုနှစ်)၊ အခန်း (၆)၊ မြန်မာနိုင်ငံ ကြက်ခြေနီ ညီလာခံ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များတွင် "မြန်မာနိုင်ငံ ကြက်ခြေနီညီလာခံသည် အသင်း၏အမြင့်ဆုံးသော အာဏာပိုင်အဖွဲ့ဖြစ်သည်" ဟု ပြဋ္ဌာန်းထားပြီး လက်ရှိ ကြက်ခြေနီ ဗဟိုကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့ကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ၊ ပြည်သူ့အစိုးရလက်ထက်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ (၁၃)ကြိမ်မြောက် ကြက်ခြေနီ ညီလာခံမှတဆင့် ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်သူ့အစိုးရလက်ထက်တွင်

ကြက်ခြေနီညီလာခံက လက်ရှိကြက်ခြေနီဗဟိုကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့ကို ရွေးချယ်တင်မြှောက်ထားခြင်း ဖြစ်သော်လည်း ၎င်းတို့သည် တရားမဝင် အာဏာသိမ်း အကြမ်းဖက်စစ်ကောင်စီနှင့်ပူးပေါင်း၍ ပြည်သူ့အစိုးရနှင့် ပြည်သူလူထုအပေါ်တွင် သစ္စာစောင့်သိမှု မရှိသည်ကို တွေ့ရှိရပါသည်။

၇။ နိုင်ငံတကာအသိုက်အဝန်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ကြားနေအဖွဲ့အစည်း၊သီးခြား လွတ်လပ် သောအဖွဲ့အစည်းအဖြစ်ရှုမြင်၍ ပေးအပ်လှူဒါန်းသည့် COVID-19 ကာကွယ်ဆေးအပါအဝင် COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးဆေးဝါးနှင့် ပစ္စည်းကိရိယာများ၊ လူသားချင်းစာနာမှုအကူအညီများကို ကြက်ခြေနီဗဟိုကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့က စစ်ကောင်စီနှင့် အလိုတူအလိုပါ ပူးပေါင်း၍ စီမံခန့်ခွဲလျက် ရှိပါသည်။ နိုင်ငံတကာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၏ ကျင့်ဝတ်စည်းကမ်းများတွင် ဒုက္ခရောက်နေသူများအတွက် ပေးအပ်ထားသည့် အကူအညီများကို နိုင်ငံရေး (သို့မဟုတ်) ဘာသာရေးအတွက် အသုံးမပြုရန်နှင့် ယင်းအကူအညီများဖြန့်ဝေခြင်းသည် နိုင်ငံရေး (သို့မဟုတ်) ဘာသာရေးဆိုင်ရာ အယူဝါဒအရ အသိအမှတ်ပြုမှုရရှိစေရန် ဆောင်ရွက်ခြင်း မဖြစ်စေရဟု ပါရှိပါသည်။

၈။ ထို့အပြင် လုပ်ငန်းပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များတွင်လည်း ဘေးအန္တရာယ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သီးခြားလွတ်လပ်မှုကို အမြင့်ဆုံးစံနှုန်းဖြင့်ဆောင်ရွက်ရမည်ဟု သတ်မှတ်ထားပါသည်။ တစ်နည်းအားဖြင့် လူသားချင်းစာနာမှု အကူအညီများကို ပေးအပ်ရာ၌ တစ်ဖက်သတ်ကျသည့်နည်းလမ်းဖြင့် နိုင်ငံရေးဆန်ဆန်ပြု မူခြင်းမျိုး မဖြစ်စေရန် ပြဋ္ဌာန်းထားပါသည်။ အထူးသဖြင့် ပဋိပက္ခအခြေအနေတွင် နိုင်ငံ တကာ လူသားချင်းစာနာကူညီမှုဥပဒေကို လေးစားလိုက်နာ၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကြက်ခြေနီလှုပ်ရှား မှု၏ လုပ်ပိုင်ခွင့်နှင့်တာဝန်ဝတ္တရားအရ ဘေးဒုက္ခခံစားရသည့် ပြည်သူများထံသို့ အကူအညီများ အတားအဆီးမရှိ သွားရောက်ပေးအပ်နိုင်ရေးအတွက် သက်ဆိုင်သည့်သူများကို တိုက်တွန်း တောင်းဆိုရမည်ဖြစ်ပြီး ပေးအပ်သည့် အကူအညီများနှင့် စပ်လျဉ်း၍လည်း အကူအညီလက်ခံသည့် ပြည်သူများကို ပွင့်လင်းမြင်သာမှုရှိစွာ အသိပေး ဆောင်ရွက်ရမည့် တာဝန်ရှိပါသည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ကြက်ခြေနီ ဗဟိုကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့သည် စစ်ကောင်စီက ခိုင်းစေသည့် လုပ်ငန်းများကိုသာ လိုက်ပါဆောင်ရွက်ပေးလျက်ရှိပြီး ၎င်း၏ ပင်မတာဝန်ဝတ္တရားများကို ဖြည့်ဆည်း လုပ်ဆောင်ခြင်း မရှိသည်ကို တွေ့မြင်ရပါသည်။

၉။ စစ်ကောင်စီသည် ဘေးဒုက္ခခံစားရသည့် ပြည်သူများအပေါ်တွင် ထည့်သွင်းစဉ်းစားခြင်း အလျင်း မရှိသည့် နည်းတူစွာ စစ်ကောင်စီလက်ပါးစေအဖြစ် ဆောင်ရွက်လျက်ရှိသည့် ကြက်ခြေနီဗဟိုကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့သည်လည်း အသင်း၏ တန်ဖိုးထားရမည့်အခြေခံမူဖြစ်သော လူသားချင်း စာနာကူညီမှုပဓာနဖြစ်သည်ကို ဆောင်ရွက်ရန် ပျက်ကွက်လျက်ရှိပါသည်။ တစ်ဖက်တွင်လည်း စစ်ကောင်စီ၏ မတရားနှိပ်စက်၊ သတ်ဖြတ်၊ တိုက်ခိုက်ခြင်းခံနေသည့် ပြည်သူများအတွက် ရပိုင်ခွင့်ရှိသည့် အကူအညီများကို သာတူညီမျှ ရရှိခြင်း မရှိဘဲ ဒုက္ခခံစားရသည့် ပြည်သူများကို နှိပ်စက်နေသည့် အာဏာရှင်စစ်ကောင်စီနှင့် ပူးပေါင်း လုပ်ဆောင်နေသောကြောင့် ပြည်သူအများစုက ကြက်ခြေနီဗဟိုကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့ကို အာဏာရှင် ထောက်တိုင်အဖြစ် ရှုမြင်လျက်ရှိပါသည်။ နိုင်ငံတကာ အသိုက်အဝန်းက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ ပေးအပ်လာသည့် အကူအညီများကို နှိပ်စက်ခံ ပြည်သူများထံသို့ ကြက်ခြေနီ ဗဟိုကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့က ဖြန့်ဝေ

ရာတွင် ကြက်ခြေနီလှုပ်ရှားမှု၏ အခြေခံမူ (၇) ချက်ကို လိုက်နာကျင့်သုံးမှုမရှိသည့်အပြင် သာတူညီမျှမှုနှင့် ပွင့်လင်းမြင်သာမှုလည်း မရှိကြောင်း တွေ့ရှိရပါသည်။

၁၀။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ပြည်သူနှင့်တစ်သားတည်းရပ်တည်နေသည့် အစိုးရတစ်ရပ်ဖြစ် သည့်အားလျော်စွာ ဘေးဒုက္ခခံစားနေကြရသည့် ပြည်သူများအတွက် အကူအညီများ ရရှိနိုင်ရန် နိုင်ငံတကာအသိုက်အဝန်းအား အစဉ်တစိုက် တိုက်တွန်း တောင်းဆိုမှုများ ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ကြားနေအဖွဲ့အစည်းအဖြစ် ရှုမြင်ထားသော မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ကြက်ခြေနီဗဟိုကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့မှတဆင့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်မည်ဆိုပါက ဘေးဒုက္ခခံစားနေရသည့် ပြည်သူများက ၎င်းတို့အပေါ် အယုံအကြည်ကင်းမဲ့ခြင်းကြောင့် ပေးအပ်မည့် အကူအညီများကို ငြင်းဆန်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းစသည့် နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်လာနိုင်ပါသည်။

၁၁။ ကြက်ခြေနီ၏ အခြေခံမူ (၇) ချက်ကို ဆန့်ကျင်ဖောက်ဖျက်ကာ အကြမ်းဖက် စစ်ကောင်စီဘက်က ရပ်တည်ဆောင်ရွက်နေသည့် ကြက်ခြေနီဗဟိုကောင်စီနှင့် အလုပ် အမှုဆောင်အဖွဲ့တို့၏ လုပ်ရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် ကြီးကြပ်မှု ကော်မတီများ၊ အသင်းခွဲများ၊ အသင်းခွဲငယ်များ၊ အသင်းဝင်များနှင့် ကြက်ခြေနီ သူနာပြု တပ်ဖွဲ့ဝင်များအနေဖြင့် ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချ ကန့်ကွက်ရန် လိုအပ်ပြီး ကြက်ခြေနီဗဟိုကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့ကို စွန့်ခွာ၍ မိမိတို့ဒေသအလိုက် အမှန်တကယ် ဘေးဒုက္ခခံစားနေကြရသည့် အများပြည်သူအတွက် ထိရောက်သည့် လူသားချင်းစာနာမှုအကူအညီများကို ပေးအပ်နိုင်ရေးအတွက် အမျိုးသားညီညွတ်ရေးအစိုးရအပါအဝင် တရားမျှတမှုကိုလိုလားသည့် အဖွဲ့အစည်းအသီးသီးနှင့်အတူ လက်တွဲပူးပေါင်း၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဂုဏ်သိက္ခာကို ပြန်လည် တည်ဆောက်မြှင့်တင်ရန် အထူးအလေးထား တိုက်တွန်းအပ်ပါသည်။

************************************